**“ဒေသန္တရရေနံချက်ဖိုလုပ်ငန်းများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်ထုတ်ပေးနိုင်ရန် စိစစ်ဆောင်ရွက်သင့်သည့် (Main SOP ) များမှာ အောက်ပါအတိုင်းဖြစ်ပါသည်”**

၁။ ချက်လုပ်မည့်ကုန်ကြမ်းပစ္စည်းအား မည်သည့်ဒေသမှရယူ၍ သယ်ဆောင်မည့် လမ်းကြောင်းနှင့် တစ်နေ့ချက်လုပ်နိုင်မည့် ပမာဏတို့ကိုဖော်ပြရန် တစ်ရက်လျှင် ရေနံစိမ်း ဂါလန် (၁၀၀၀)ဂါလန်မှ (၃၀၀၀)ဂါလံအတွင်းသာ ချက်လုပ်ရမည်။ **မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်း တာဝန်ပေးအပ်ထားသူများမှ စိစစ်ဆောင်ရွက်ပေးရန်)**

၂။ ဒေသန္တရရေနံလုပ်ခြင်းလုပ်ငန်း တည်ဆောက်မည့်တည်နေရာ၊ ချက်လုပ်မည့်နည်းစဉ်၊ ချက်လုပ်မည့် အသေးစိတ်ဒီဇိုင်းပုံစံ(Detail Drawing) လုပ်ငန်းခွင်ဧရိယာ တစ်ခုလုံး၏ စကေးကိုက် အကွက်ချပုံစံ (Layout Plan) နှင့် ဓါတ်ပုံမှတ်တမ်းများ (ရှေ့၊ နောက်၊ ဝဲ၊ ယာ) ဖော်ပြပေးရန်။ **(မြန်မာ့ ရေနံဓာတုဗေဒလုပ်ငန်း တာဝန်ပေးအပ်ထားသူများမှ စိစစ်ဆောင်ရွက်ပေးရန်)**

၃။ ပြည်ထောင်စုဝန်ကြီးဌာန၏ (၂၃.၅.၂၀၁၇) ရက်စွဲပါစာအမှတ်၊ စွမ်းအင်/အုပ်ချုပ်–စီမံ/ ၀၂/ ၇ (၈၃၄)/ ၂၀၁၇ဖြင့် ထုတ်ပြန်ချက်အရ ဒေသန္တရရေနံချက်ဖိုလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်နှင့်ပတ်သက်၍ အနည်းဆုံးမြေဧရိယာ အကျယ်အဝန်း (၃၀၀၀) စတုရန်းပေ (၀.၇၀) ဧက ပြည့်မီမှသာ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ထုတ်ပေးမည်ဖြစ်ကြောင်း သတ်မှတ်ချက်နှင့် ကိုက်ညီမှု ရှိ/ မရှိ စိစစ်ရန် နှင့် လုပ်ငန်းလုပ်ကိုင်မည့်နေရာသည် လက်ယက်တွင်းများနှင့် အနည်းဆုံး(၁)မိုင် ကွာဝေးခြင်းရှိ/ မရှိ၊ လူနေအိမ်ခြံမြေများနှင့် အနည်းဆုံးကိုက် (၁၀၀၀) ကွာဝေးမှုရှိ /မရှိစိစစ်ရန်။ **(ဧရိယာအကျယ်အဝန်း၊ အတိုင်းအတာ များအား တိုင်းမြေစာရင်း မှ စိစစ်ပေးရန်နှင့် လက်ယက်တွင်း၊ လူနေအိမ်ခြေများ အကွာအဝေးများကို MPE နှင့် MOGE တာဝန်ပေးအပ်ထားသူများမှ စိစစ်ပေးရန်)**

၄။ ကုန်ကြမ်းသိုလှောင်ကန်၊ ကုန်ချော(ချက်ဆီ) သိုလှောင်ကန်များ၏ သိုလှောင်ခွင့်လိုင်စင်ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနသို့ တင်ပြ လျှောက်ထားဆဲဖြစ်ရမည်။ (အထောက်အထားများ ရှိ/မရှိ စိစစ်ရန်)

**(တိုင်းဒေသကြီး/ပြည်နယ်၊ ရေနံထွက် ပစ္စည်းများတင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီမှ စိစစ်တင်ပြရန်)**

**ဆောင်ရွက်ရန်အချိန်ကာလသတ်မှတ်ချက်**

၅။ သက်ဆိုင်ရာအထောက်အထားများပြည့်စုံလျှင် တိုင်းဒေသကြီး ရေနံထွက်ပစ္စည်းများ တင်သွင်း၊ သိုလှောင်၊ သယ်ယူ၊ ချက်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချခြင်းလုပ်ငန်းများ ထိန်းသိမ်း ကြီးကြပ်ရေး ဆပ်ကော်မတီမှ ရက်သတ္တတစ်ပတ်အတွင်း ကွင်းဆင်းစစ်ဆေး၍ တိုင်းဒေသ ကြီး/ပြည်နယ်အစိုးရ အဖွဲ့သို့ ပြန်လည်တင်ပြသွားမည်ဖြစ်ပါသည်။

**စစ်ဆေးကြီးကြပ်ဆောင်ရွက်ရန်**

၆။ ထင်းလောင်စာအသုံးမပြုရေး အနီးကပ်စောင့်ကြည့်ရေးအဖွဲ့များမှ သတ်မှတ်စည်းကမ်း ချက်များအတိုင်း လိုက်နာရန်ပျက်ကွက်ကြောင်း သတင်းပေးပို့တင်ပြလာပါက (၂-၁၀-၂၀၁၇) ရက်စွဲပါစာ အမှတ်၊ တရအ(ရော)/ ရောင်း/ စီမံ(၄၂၇)ဖြင့် တင်ပြခဲ့ပြီးသော ခရိုင်/မြို့နယ် အဆင့် ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီအဖွဲ့တို့မှ စိစစ်တင်ပြဆောင်ရွက်သွားရန် ဖြစ်ပါသည်။